## ဥရောပသမဂ္ဂ၏ လူဝင်/လူထွက် စနစ်သစ်အား ဩစတြီးယားနိုင်ငံတွင် စတင်ကျင့်သုံးမည့် ရှင်းလင်းပွဲသို့ မြန်မာသံအမတ်ကြီး တက်ရောက် (၂-၁၀-၂၀၂၅ ရက်၊ ဗီယင်နာ)

ဩစတြီးယားနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၏ လူဝင်/လူထွက် စနစ်သစ်စတင်ကျင့်သုံးမည့် ရှင်းလင်းပွဲကို ၂-၁၀-၂၀၂၅ ရက်တွင် ဩစတြီးယားနိုင်ငံ ဥရောပနှင့် နိုင်ငံတကာရေးရာဝန်ကြီး ဌာန၌ ကျင်းပခဲ့ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်း တက်ရောက်ခဲ့ပါသည်။

ရှင်းလင်းပွဲတွင် ဩစတြီးယားနိုင်ငံအနေဖြင့် အဆိုပါစနစ်သစ်အား ၁၂-၁၀-၂၀၂၅ ရက်မှစ၍ စတင်ကျင့်သုံးမည်ဖြစ်ပြီး ၆ လအတွင်း နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ် (၆)ခုစလုံးတွင် အသုံးပြုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်တွင် ရှန်ဂန်ဒေသနိုင်ငံ အားလုံးပါဝင်ကြောင်း၊ ရက်ပေါင်း ၉၀ အထိ ကာလတိုလာရောက်မည့် အီးယူအဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ နိုင်ငံသားများအနေဖြင့် ပထမဆုံးရောက်ရှိမည့် နိုင်ငံ၏ လေဆိပ်တွင် နိုင်ငံကူးလက်မှတ်နှင့် Biometric Data (လက်ဗွေနှင့် မျက်နှာရုပ်ပုံ)တို့ကို ကိုယ်တိုင်ဆောင်ရွက်သည့်စနစ်(Self-service system)တွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ ရှန်ဂန်ဒေသမှ နောက်ဆုံးပြန်လည်ထွက်ခွာသည့် နိုင်ငံ၏ လေဆိပ်တွင်လည်း အလားတူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းစနစ်မှာ သံတမန်များ နှင့် အစိုးရ ကိုယ်စားလှယ်များနှင့် သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

## Myanmar Ambassador attends briefing on Austria’s plan to launch the EU’s new Entry/Exit System (2–10–2025, Vienna)

Myanmar Ambassador U Min Thein attended the briefing on Austria’s plan to launch the European Union’s new Entry/Exit System(EES), held at the Federal Ministry for European and International Affairs of Austria on 2 October 2025.

The briefing elaborated that Austria will launch the new system starting from 12 October 2025, which will be fully operational at all six international airports in the country within six months. Under the system, which applies to all Schengen States, non-EU nationals travelling for a short stay of up to 90 days are required to register their passports and biometric data (fingerprints and facial image) through self-service systems at the airport upon their first entry. Likewise, the same procedure will be applied at their final exit. Diplomats and government delegations are exempt from the system.

********************


Bundesministerium
Europäische und internationale
Angelegenheiten
Bundesministerium
Europäische und internationale
Angelegenheiten